
စိတ်ကူးချိုချိုအနုပညာ




# ဒေါင်းနွယ်ဆွေ

မိန်း

ဝတ္ထုတိုများ

mgyoe.com



မိန်း
ချစ်ခြင်းဟူသည် သေခြင်းသစ္စာ
အားလုံးသော ဆန့်ကျင်ရာသို့
မေတ္တာစစ်တို့၏ မပြန်လမ်း

SHS0021
1,000.00 KS

mgyoe.com

မိန်း ဝတ္ထုတိုများ။ ဒေါင်းနွယ်ဆွေ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၈၉ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | ဒေါင်းနွယ်ဆွေ၏ ကိုယ်ရေးအကျဉ်း | က |
| ၁။ | မိန်း | ၁ |
| ၂။ | ချစ်ခြင်းဟူသည် သေခြင်းသစ္စာ | ၂၅ |
| ၃။ | အားလုံးသောဆန့်ကျင်ရာသို့ | ၅၀ |
| ၄။ | မေတ္တာစစ်တို့၏ မပြန်လမ်း | ၇၁ |


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



ဒေါင်းနွယ်ဆွေ
(၁၉၃၁-၁၉၈၅)

ဧရာဝတီတိုင်း သာပေါင်းဇာတိ။ ၁၉၃၁ ဇန်နဝါရီ ၁၆ ဖွား။ အဖ ရာဇဝတ်ဝန်ထောက် ဦးဘထိန်၊ အမိ ဒေါ်ဖုန်းရိန်။ မွေးချင်း သုံးယောက်တွင်အကြီးဆုံး။ မူလအမည် အောင်သာ။ တွင်သောအမည်ရင်း ဦးအောင်ဆွေ။

၁၉၄၀-၄၂ တွင် ငသိုင်းချောင်း အမျိုးသားကျောင်း၊ ၁၉၄၆-၄၇ တွင် ရန်ကုန်ဗဟိုအစိုးရအထက်တန်းကျောင်း၊ ၁၉၄၇-၄၈ တွင် ရန်ကုန် ပြည်သူ့သိပ္ပံအလွတ်ပညာသင်ကျောင်း၊ ၁၉၄၉-၅၀ တွင် ရေကျော်မက်သဒစ်ကျောင်းတို့၌ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ခဲ့သည်။

၁၉၅၁ တွင် စီးပွားရေးသတင်းစာ၌ ဘာသာပြန်အယ်ဒီတာ၊ ၁၉၅၂ မှစ၍ **ကလောင်သစ်** မဂ္ဂဇင်း၊ **စာပေသစ်** မဂ္ဂဇင်း၊ **သွေးသောက်** မဂ္ဂဇင်းတို့၌ အယ်ဒီတာ၊ ၁၉၅၃-၆၁ တွင် **တိုင်းရင်းမေ** ဂျာနယ်၌ အယ်ဒီတာအဖြစ် အမှုထမ်းခဲ့ပြီး ၁၉၆၁-၆၃ တွင် အလွတ်ပညာသင်ကျောင်းဆရာ လုပ်ခဲ့၏။ ၁၉၆၉-၇၂ တွင် **အိုးဝေ** ဂျာနယ်အယ်ဒီတာအဖွဲ့ဝင်အဖြစ် အမှုထမ်းခဲ့သည်။

၁၉၄၉ မှစ၍ ကျောင်းသားလှုပ်ရှားမှုများနှင့် စာရေးသပိတ်ကာလ လှုပ်ရှားမှုများတွင်

mgyoe.com

mgyoe.com


ပါဝင်ခဲ့သည်။ ဗဟိုအစိုးရအထက်တန်းကျောင်းနှင့် ပြည်သူ့သိပ္ပံကျောင်း ကျောင်းသားသမဂ္ဂများတွင် သာမန်အမှုဆောင်တာဝန်နှင့် ဒုတိယဥက္ကဋ္ဌတာဝန်များကို ယူခဲ့သည်။ ၁၉၅၂ တွင် ကလောင်သစ်အဖွဲ့ တည်ထောင်သူများတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ၁၉၅၂ မှစ၍ မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် အမှုဆောင်တာဝန်ယူခဲ့၏။ ၁၉၅၆ တွင် ကဗျာဆရာအသင်း ဥက္ကဋ္ဌ၊ ၁၉၆၂ တွင် ပြည်သူ့ကဗျာအသင်း ဥက္ကဋ္ဌတာဝန်များကို ယူခဲ့၏။

ဗဟိုအစိုးရအထက်တန်းကျောင်းတွင် နေစဉ်ကပင် လက်ရေးစာစောင်များ၌ 'ဒေါင်းဒင်' ကလောင်အမည်ဖြင့် ကဗျာစရေး၏။ ၁၉၃၈ တွင် **ဟံသာဝတီ** သတင်းစာ၌ 'ဒေါင်းနွယ်ဆွေ' အမည်ဖြင့် ကဗျာများ စရေးသည်။ 'ဒေါင်းနွယ်ဆွေ' ကလောင်အမည်အပြင် 'စနေမောင်ပွေ' 'ဒေါင့်ဒဲတွန့်'၊ 'လေဥဒေါင်း' ကလောင်အမည်များဖြင့်လည်း ဟာသများ ရေးခဲ့၏။ 'ဇင်ဦး' ကလောင်အမည်ဖြင့်လည်း **တိုင်းရင်းမေ** ဂျာနယ်၌ ကဗျာများရေး၏။ ဝတ္ထုများလည်း ရေးသည်။

**ကဗျာ့ပုလဲကုံး**၊ **ပုလဲနီဒါန်း**စသော ကဗျာများ **ကလျာမိမိမုန်း**၊ **မိုးဆန်သောမိုး** စသော ဝတ္ထုများ၊ **ရွှက်ဝါလမ်းကို သက်သေတိုင်**၊ **မဟာရန်သူတော်** စသော ဝတ္ထုတို စုပေါင်းစာအုပ်များနှင့် **သင် ဘာကဗျာရေးမည်နည်း** စသော ကဗျာသဘောတရားစာအုပ်များ ထုတ်ခဲ့သည်။ ရုပ်ရှင်ကားများတွင်လည်း သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့၏။

၁၉၈၅၊ မတ် ၂၂ တွင် ကွယ်လွန်သည်။

mgyoe.com

mgyoe.com

# မိန်း



## မိန်း

(၁)

"မင်းသားမရောက်သေးဘူးလား"

"မင်းသမီးလည်း ရောက်ဖို့ကောင်းပြီ"

"မင်းသား၊ မင်းသမီးပဲဗျာ... အချိန်ကပ်ပြီး လာမှာပေါ့၊ သူတို့ရုပ်တွေကို ပိတ်ကားပေါ်မှာသာပြပေမဲ့ အပြင်မှာ လူမြင်ခံတာမဟုတ်ဘူးဗျ၊ အချိန်တန်တော့ လာမှာပေါ့လေ..."

mgyoe.com

mgyoe.com



"ကန်တော့ပွဲ ပေးတာပဲဗျာ... မင်းသားနဲ့ မင်းသမီးတော့ စောစော လာဖို့ကောင်းတာပေါ့၊ ပရိသတ်က သူတို့ကို ကြည့်ချင်လို့ စောင့်နေကြတာပဲ၊ ဒါမှ ပွဲစည်မှာပေါ့ဗျ"

"မင်းသားက ၉ နာရီမှ အိပ်ရာက ထတာဗျ၊ မျက်နှာသစ်ပြီး ခေါင်းမွေးစုတ်ဖွားနဲ့ လာလို့ရတာ မဟုတ်ဘူး၊ ခြယ်ရ သရဦးမယ်လေဗျာ၊ မင်းသားခေါင်းဖြီးတာကိုက နာရီဝက်လောက်ကြာတာ၊ မင်းသမီးဆိုရင်တော့ မပြောနဲ့တော့၊ ခင်ဗျား ရုပ်ရှင်အကြောင်း မသိသေးပါဘူးဗျာ"

စာရေးဆရာ ကိုသီတာသည် လိမ္မော်ရည်တစ်ကျိုက်ကို ငုံလိုက်ပြီး သူ့ပတ်ဝန်းကျင်မှ ကြားနေရသော အသံဗလံများကို တစေ့ တစောင်း နားစွင့်နေမိသည်။ ဗွန်းသံ၊ ခက်ရင်းသံ၊ ပန်းကန်သံများ ကြားမှ ရယ်စရာမဟုတ်သော အကြောင်းအရာများကို အာခေါင်ခြစ်၍ ရယ်သံ၊ ဧည့်ဝတ်ကျေရုံဟန်ဆောင်၍ ရယ်သံ၊ အဓိပ္ပာယ် ရှာဖွေမရ သောတသောသောရယ်သံတို့ကြားတွင် စာရေးဆရာ ကိုသီတာသည် တစ်ယောက်ထီးတည်း ကြောင်စီစီ ဖြစ်နေလေသည်။

အောင်သြဘာ ရုပ်ရှင်ကုမ္ပဏီတည်ရှိရာ ဘားလမ်းသို့ နံနက် ၈ နာရီကျော်ကျော်ကပင် ရောက်ရှိနေခဲ့သော ကိုသီတာသည် သူနှင့်သိသော ဒါရိုက်တာ ပေါ်နိုင်မှလွဲ၍ အခြား တစ်စုံတစ်ဦးနှင့်မျှလည်း စကားမပြောမိ။ ချခင်းလာသော ဒံပေါက်ထမင်း တစ်ပန်းကန်ကိုသာ အနိုင်နိုင်စားပြီး ယနေ့ကန်တော့ပွဲ အစီအစဉ်ကိုသာ ငံ့လင့်စောင့်မျှော်နေမိသည်။

သူကိုယ်တိုင်ရေးသားခဲ့သော 'ချစ်သူပြုံး၍ မုန်းရက်သည်' ဝတ္ထုကို 'ချစ်ကြစတမ်းသာဆိုရင်' ရုပ်ရှင်ဇာတ်ကားအဖြစ် အမည်ပြောင်းကာ ရိုက်ကူးမည့် ကန်တော့ပွဲပေးသည့် အခမ်းအနားဖြစ်သောကြောင့် ကိုသီတာ တက်ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com


ကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်ထဲတွင် သူနှင့် ရင်းနှီးကျွမ်းဝင်သော သတင်းစာလောက၊ စာပေလောကမှ ပုဂ္ဂိုလ်သုံး–လေးဦးခန့်သာ တွေ့ရှိရပြီး တခြားသော ပရိသတ်တို့မှာမူ သူနှင့် မျက်နှာစိမ်း၍နေသည်။

"ကိုသီတာ... ဘာမှ အားမနာနဲ့နော်... ဒံပေါက်ထမင်း တစ်ပန်းကန် နောက်ထပ်ယူပါဦးလား။ လိမ္မော်ရည်လည်း ကုန်အောင် မသောက်ပါလား"

"ကျွန်တော် မသောက်နိုင်တော့လို့ပါဗျာ... တော်လောက်ပါပြီ"

"အေးဗျာ... ကျွန်တော်လည်း အလုပ်များနေတာနဲ့ ခင်ဗျားနဲ့တောင် အေးအေးဆေးဆေး စကားမပြောရဘူး၊ ကဲ... ကျွန်တော် ဧည့်ခံစရာလေးတွေရှိနေလို့ သွားလိုက်ဦးမယ်ဗျာ...၊ ကျွန်တော့်ကို ခွင့်လွှတ်နော်"

ဒါရိုက်တာပေါ်နိုင်သည် စကားကိုပင် လုပြောနေရပြီး စာရေးဆရာ ကိုသီတာ လည်ပြန်လှည့်မကြည့်လိုက်မိခင်တွင်ပင် ဆူညံနေသော ပရိသတ်များကြားသို့ တိုးဝင်ပျောက်ကွယ်သွားပြန်လေသည်။

ကန်တော့ပွဲအခမ်းအနားသို့ လာရောက်ကြသော ပရိသတ်များသည် ပိုမို၍များပြားလာကြသည်။ ရွှန်းလက်တောက်ပြောင်သော အဝတ်အစားများနှင့် ဖိတ်ဖိတ်တောက်နေသော စိန်ရောင်၊ ရွှေရောင်တို့သည် နီယွန်မီးရောင်ကိုပင် မှေးမှိန်စေတော့သည်။

သူတို့ ပြောကြားကြသော စကားများထဲတွင် 'အနုပညာ' ဟူသော စကားတစ်လုံးမျှမပါ။ ယိုးဒယားပါတိတ်၊ ဇင်းမယ် ဒေဝီနား၊ တစ်ရာ့ရှစ်ဆယ်တန် ရွှေတစ်ဆုပ် ငွေတစ်ဆုပ် လုံချည်၊ ကြိုးမပါသော ဘရာစီယာ၊ ကြက်ဥတစ်ကျပ်သုံးလုံး၊ တန်းစီစရာမလိုသော ရေမွှေးပုလင်း၊ ပုစဉ်းသုံးကောင် ပေါင်ဒါဘူး၊ ကော့သောင်း လက်ဆွဲအိတ်၊

mgyoe.com

mgyoe.com


ရနောင်း နေကာမျက်မှန်... စသည်စသည်တို့သာ ဖြစ်လေသည်။

တစ်နာရီကျော်ကျော်ခန့် ထိုင်မိသောအခါ ကိုသီတာသည် ငြီးစီစီကြီး ဖြစ်လာသည်။ သူလိုချင်သော အနုပညာသည် အဆောင်အယောင် အမွမ်းအမံ အကြွားအဝါတွေကြားတွင် နစ်မြုပ်လျက်ရှိ သည်။ သူကိုယ်တိုင်လည်း ဤအသိုက်အဝန်းကြားတွင် ခေါင်းဖော်မရအောင် နစ်မြုပ်လျက်ရှိသည်ပင် မဟုတ်လား။

ယနေ့ ကန်တော့ပွဲပေးသော ရုပ်ရှင်၏ ကျောရိုးပင်မဇာတ်လမ်းကို ရေးသားသူမှာ စာရေးဆရာ သီတာဆိုသော သတ္တဝါ၏ လက်ရာဖြစ်သည်ကိုပင် ဤပရိသတ်သည် သိရှိကြပုံမရ။ သိရှိ၍လည်း မည်သို့မျှ ထူးမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ပရိသတ်အားလုံး သည် မင်းသမီးနှင့် မင်းသားအလာကိုသာ အာရုံစော၍ စောင့်ကြိုမောနေကြသည် မဟုတ်လော။

ကုမ္ပဏီပိုင်ရှင် ဇနီးမောင်နှံဆိုသော ဗိုက်ခေါက်ရွှဲကြီးများဖြင့် ချိတ်ပုဆိုးတောင်ရှည်ကို ဝတ်ထားသော ဦးသောင်းမင်းနှင့် ဇနီးတို့သည် ကိုသီတာ့အပါးတွင် လာ၍ရပ်ကြသော်လည်း သူ့ကို ဖော်ရွေစွာ့ဝတ်ပြုခြင်းမရှိ။ သာမန်ပရိသတ်တစ်ဦးနှင့် မည်သို့မျှမခြား၊ စကားပင်စပ်၍မျှ မပြောကြ။

ကိုသီတာသည် ဆေးပေါ့လိပ်ကိုသာ ပါးစောင်တွင် ခဲရင်း မြင်ကွင်းအားလုံးကို မှုန်ငေးငေးဖြင့် ကြည့်နေမိသည်။

"ကိုပေါ်နိုင် ဘယ်လိုလဲဗျ၊ မင်းသား၊ မင်းသမီးတွေ နောက်ကျလှချည့်လား"

ကင်မရာကို လွယ်ထားသော ဓာတ်ပုံဆရာတစ်ဦးက ဒါရိုက်တာ ပေါ်နိုင်ကို လှမ်း၍မေးလိုက်သည်။

"ညက မင်းသားက အိပ်ရေးပျက်သတဲ့ဗျာ၊ ၁၁ နာရီမှ ရောက်

mgyoe.com

mgyoe.com


မယ်တဲ့၊ စောစောကပဲ ဖုန်းလာသေးတယ်။ စောင့်ကြပါဦးဗျာ"

"စောင့်ဆိုလည်း စောင့်ရမှာပေါ့ဗျာ...၊ မင်းသား မင်းသမီးက အဓိကပဲမဟုတ်လား၊ ခင်ဗျား ကျွန်တော့်ကို သတ်သတ်အကြိုးတလီး ပေးရမယ်နော်"

ဒါရိုက်တာပေါ်နိုင်သည် အမူအရာပါပါ ခါးကိုလိမ်၍ ကော့လိုက်ပြီး တိုက်ပုံအင်္ကျီကို လက်ဖျားအထိ ဆွဲဆန့်လိုက်ရင်း မရယ်ချင့်ရယ်ချင် ရယ်လိုက်သည်။

"အကြိုးတလီး မဟုတ်ပါဘူးဗျာ၊ ဆိုင်းနောက်က ဝိုင်းမြှောက်တဲ့လူတွေကို မထတမ်းလဲရမယ့် ဝိုင်းကြီး ဆိုင်းကြီးကို ပေးပါ့မယ်။ ကဲ ကျေနပ်ပြီလား၊ ကိုယ့်လူမပြန်နဲ့ဦးနော်။ မင်းသမီး၊ မင်းသား လာအောင် တော့စောင့်ဦး ဟုတ်လား"

ဒါရိုက်တာပေါ်နိုင်၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက်ပင် ဘေးမှ အရန်သင့်စောင့်နေသော ရယ်သံလှိုင်းလုံးများက စည်းဝါးကိုက်ထားသကဲ့သို့ တသောသော ဆူညံသွားသည်။

ကိုသီတာသည် ထောင့်တစ်ထောင့်မှ ထိုင်ရင်း သူတို့အပြုအမူများကို ရုပ်ရှင်ကားတစ်ကား ကြည့်နေရသကဲ့သို့ တအံ့တသြ ငေးမောကြည့်ရှုနေမိသည်။ သူ့ရင်ထဲတွင်လည်း မကျေနပ်သော ခံစားချက်များ အစိုင်အခဲဖြစ်စပြုလာလေသည်။

မည်သို့ပင်ရှိစေ ဒါရိုက်တာပေါ်နိုင်သည် ယနေ့ ကန်တော့ပွဲပေးသော ရုပ်ရှင်ဇာတ်ကား၏ ပင်မကျောရိုးဇာတ်လမ်းကို ရေးသားသော စာရေးဆရာတစ်ယောက်အနေဖြင့် သူ့ကို ပရိသတ်နှင့် မိတ်ဆက်ပေးဖို့တော့ ကောင်းသည်။ ယနေ့ ရုပ်ရှင်ကန်တော့ပွဲ အခမ်းအနားဖြစ်လာအောင် အခြေခံရသော ဇာတ်လမ်းသည် သူ့ဇာတ်လမ်းဖြစ်ပါလျက် ပရိသတ်များအကြားတွင် မှေးမှိန်သောနေရာမှ မထင်မရှားနေရ

mgyoe.com

mgyoe.com


သော သူ့ဘဝကို ကိုသီတာသည် ရင်အနာကြီးနာလာမိသည်။ သူ ဖန်တီးသော အနုပညာ၏နေရာသည် အဘယ်မှာနည်း။

ကိုသီတာသည် တွေးရင်းတွေးရင်းမှ ရင်ထဲတွင် လှိုင်းတံပိုးများ ထလာသည်။ အကယ်၍သာ သူ့ရင်ထဲမှ လှိုင်းတံပိုးများသည် တကယ့် ပင်လယ်ရေလှိုင်းတံပိုးများသာဖြစ်လျှင် ဤပရိသတ်များအားလုံးသည် လှိုင်းတံပိုးများထဲတွင် မျောပါသွားပေလိမ့်မည်။ ကိုသီတာသည် ဆက်၍ မတွေးတော့ဘဲ စိတ်ကို တတ်နိုင်သမျှ ချုပ်ထိန်းကာ ဆေးလိပ် တိုကိုပင် တွင်တွင်ဖွာ၍ နေမိလေတော့သည်။

(၂)

"ဟော... ဟော... မင်းသမီးလာပြီ... မင်းသမီးလာပြီ..."

ရုပ်ရှင်ကန်တော့ပွဲ အခမ်းအနားမှ ပရိသတ်အားလုံးသည် လမ်းမ ဘက်သို့ အားလုံး လည်ပြန်လှည့်ကြည့်လိုက်ကြသည်။ ဇွန်းသံ ခက်ရင်း သံများလည်း တိတ်ဆိတ်သွားသည်။

"မင်းသမီးဖို့ ပန်းကန်ကြီးကြီးနဲ့ ထည့်ပါဟေ့၊ တို့မင်းသမီးက အစားသေးတယ် မဟုတ်လား"

ဒါရိုက်တာပေါ်နိုင်၏အသံသည် စောစောကထက် လန်းဆန်း တက်ကြွလာသည်။ နာမည်ကျော် ရုပ်ရှင်သမီး သင်းသင်းလှိုင်သည် ဖီးယက်ကား အနီကလေးပေါ်မှ အမျိုးသမီးနှစ်ဦးခြံရံကာ ပိုးပဝါအဖြူကို သိုင်းခြုံလျက် ကနွဲ့ကလျ ဆင်းလာသည်။ ရွှေရောင်တောက်နေသော ဒေါက်မြင့်ဖိနပ်ကလေး တလှုပ်လှုပ်ဖြင့် ပရိသတ်အတွင်းသို့ ဝင်ရောက်လာ ပုံမှာ ရွှေသမင်မကလေးနှင့် မတူဘဲ မြင်းပေါက်မကလေးနှင့် တူနေသည်။

"အို... သိပ်လှတာပဲနော်... ဒါကြောင့် နာမည်ကြီးတာကိုး"

"ခါးကလေးကလည်း သွယ်ပြီး ကျစ်နေတာပဲ၊ ကြိုးနဲ့စည်းထား

mgyoe.com

mgyoe.com


ရင်တောင် ဒီလောက် ချပ်ချပ်ရပ်ရပ်ရှိမှာ မဟုတ်ဘူး၊ လှလိုက်တာလည်း ကြွေရုပ်ကလေးကျနေတာပဲ"

"မျက်လုံးကစားတာကို သေသေချာချာ မတွေ့ရသေးလို့၊ မျက်အိမ်နက်ကလေး ထောင့်ကပ်ပြီး ပြုံးလိုက်ရင် ဘယ်ပရိသတ်မှ မခံနိုင်ဘူး။ အိုင်တော့ သင်းသင်းလှိုင်ပါတဲ့ ကားဆိုရင် မလွတ်တမ်းကြည့်တာပဲ။ ယူ့မှာ အော်တိုပါတယ်မဟုတ်လား။ သင်းသင်းလှိုင့်လက်မှတ်ကို ရအောင်ယူထားလိုက်ပြီး အိုင်တို့ကျောင်းကျရင် ကြွားရအောင်"

ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်တို့၏ မကြားတကြား တီးတိုးပြောသံများကို နားစွင့်ရင်း ကိုသီတာသည် သွက်လက်လှုပ်ရှားလျက်ရှိသော ရုပ်ရှင်မင်းသမီး သင်းသင်းလှိုင်ကို မျက်ခြည်မပြတ် အကဲခတ်နေမိသည်။

သင်းသင်းလှိုင်ကို ပိတ်ကားပေါ်တွင် ကြည့်ရှုရသည်ထက် အနီးကပ်ကြည့်ရှုခွင့် ရသောအခါ သင်းသင်းလှိုင်သည် ပိတ်ကားပေါ်မှာထက် အပြင်ဘက်တွင် ပိုမိုချောမောလှပနေသည်ဟု ကိုသီတာ ထင်မိလိုက်သည်။ ကြွေရုပ်ကလေးလို လှသည်ဆိုသည်မှာလည်း ဟုတ်ပေသည်။ ကြွေရုပ်ကလေးလို လှသောကြောင့် ဖန်ကလပ်ပေါ်တင်ပြီး ကြည့်ရမည့် အစား သည်လောက်တောင် လှလွန်းတော့လည်း ကိုသီတာ့စိတ်ထဲတွင် ထိုကြွေရုပ်ကလေးကို ကိုင်ပေါက်ခွဲပစ်ချင်စိတ် ပေါက်လာမိသည်။

အနုပညာဆိုသည်မှာ ဘဝလော၊ အလှလော၊ အလှမ်ပါပြန်လျှင်လည်း မပြီးပြန်။ အကျည်းတန်သော ဘဝနှင့် အပေါ်ယံအလှတို့သည် အနုပညာနှင့် ပေါင်းစပ်ဆက်သွယ်နေကြသည်။ ထိုအတွေးအမြင်ပိုင်းသို့ ရောက်သောအခါ စာရေးဆရာ ကိုသီတာသည် နာမည်ကျော် ရုပ်ရှင်မင်းသမီး သင်းသင်းလှိုင်ကို ငေးမောကြည့်ရှုရင်းမှ သက်ပြင်းတစ်ချက် မှုတ်ထုတ်မိလိုက်လေသည်။

mgyoe.com

mgyoe.com



"သူသရုပ်ဆောင်ရမယ့် ဇာတ်လမ်းကိုရေးတဲ့ စာရေးဆရာတစ်ယောက်လို့ ငါ့ကို အသိအမှတ်ပြုရင် ဘယ်လောက်ကောင်းလိုက်မလဲ။ အို... ငါနဲ့ ဘာဆိုင်တာမှတ်လို့၊ ဒါဟာ ငါရဲ့ညံ့ဖျင်းတဲ့ အားနည်းချက်တွေပဲ။ ငါကိုယ်တိုင် အလှအပကို ယစ်မူးနေပြီ၊ ငါ့အနုပညာကို ပရိသတ်က အသိအမှတ်ပြုဖို့သာ အရေးကြီးတာပဲ" သူ့မေးခွန်းကို သူပြန်၍ အဖြေပေးရင်း ကိုသီတာသည် သူ့အတွေးအပိုင်းအစများကို အမြန်ဆုံးဖျက်ဆီးပစ်လိုက်ရလေသည်။

နောက်တစ်ကြိမ် ရုပ်ရှင်မင်းသမီး သင်းသင်းလှိုင်ထံသို့ သူ့မျက်လုံးရောက်သွားသောအခါတွင် ဝိုင်းဝိုင်းလည်နေသော အော်တိုစာအုပ်များအကြား၌ အလုပ်ရှုပ်နေသော သင်းသင်းလှိုင်ကို တွေ့လိုက်ရသည်။ အော်တိုစာအုပ်တစ်အုပ်ကို ရှည်လျားသော စာတန်းများ ရေးမပေးနိုင်ရှာဘဲ သင်းသင်းလှိုင်သည် လက်မှတ်သာ ထိုးပေးနေရဟန်တူသည်။ ပရိသတ်အားလုံး၏ မျက်လုံးတို့သည် ရုပ်ရှင်မင်းသမီး သင်းသင်းလှိုင်ထံသို့သာ အာရုံစူးစိုက်နေကြသည်။ စန်းပွင့်သူတို့အတွက် စွဲလမ်းမှုရမွှက်၏ အားပြိုင်မှုသည် လွန်ကဲလှပါချေတကားဟု ကိုသီတာကောက်ချက်ချလိုက်မိသည်။

လက်ပံပင်ထိပ်ဖျား ဆက်ရက်များ ဝိုင်းအုံနားနေသကဲ့သို့ ရုပ်ရှင်မင်းသမီး သင်းသင်းလှိုင်၏ ဘေးပတ်ပတ်လည်တွင် ဆယ်ကျော်သက်ရွယ် လုံမငယ်တို့ ဝိုင်းဝိုင်းလည်နေရာက လူစုကွဲစပြုသောအခါ သင်းသင်းလှိုင်သည် ကုမ္ပဏီပိုင်ရှင်ဇနီးမောင်နှံ၊ ဒါရိုက်တာ ပေါ်နိုင်တို့နှင့် အတူ ကန်တော့ပွဲများ ခင်းကျင်းထားသည့် ကျွန်းစားပွဲရှည်ကြီးများဆီသို့ လျှောက်သွားပြန်လေသည်။

ကျွန်း စားပွဲရှည်ကြီးများကို ဆက်ထားပြီး ကတ္တီပါအနီရောင်လွှာချင်းခင်းကာ ငှက်ပျောပွဲများကို လှပဝေဆာစွာ စီခင်းထားသည်။

mgyoe.com

mgyoe.com



ကြွက်မြီးတန်းနေသော အုန်းသီးစိမ်းများမှာ နီယွန်မီးရောင်တွင် တဖိတ်ဖိတ်လက် ပြောင်လျက်ရှိပြီး ငှက်ပျောဖီးကြားမှ ဆေးရွက်ကြမ်းကြီးများမှာလည်း အစအန ချွန်ထွက်လျက်ရှိသည်။

"အောင်မယ်လေး.... ဆရာတို့ ကန်တော့ပွဲကြီးကလည်း ဟိန်းနေတာပဲ"

"မဟိန်းလို့ ဘယ်ရမတုံးဟ... မင်းသမီး၊ မင်းသားတွေကလည်း နာမည်ကြီးဆိုတော့ ကန်တော့ပွဲတွေလည်း ကြီးကြီးလုပ်ထားရတာပေါ့"

"ဆရာကလည်း ပင့်နေပြန်ပြီ... ရွှေတောင်မှာနားလို့ ရွှေကျေးဖြစ်ရတာပါဆရာရယ်... ဆရာတို့အရောင်ကြောင့် အရိပ်ထွက်ရတာပါ"

သည်လောကတွင် တစ်ယောက်နှင့်တစ်ယောက်ပင့်၍ တစ်ယောက်နှင့်တစ်ယောက်မြှောက်ကာ အပ်နဖားပေါက်ထဲ ပုဆိန်သွင်းလျှင်ပင် ဝင်တော့မယောင် စကားပရိယာယ် ကြွယ်ကြသည်ကို ယခုမှပင် ကိုသီတာသည် မျက်ဝါးထင်ထင် တွေ့မြင်လေ့လာရပြီဖြစ်လေသည်။

"ဘာလဲဟ... မင်းသမီးက ငွေလိုချင်ပြီထင်တယ်၊ ကန်တော့ပွဲပြီးရင် ကားခတ်ဆီဖိုးလောက်တော့ ရမှာပေါ့။ အမြတ်တော်ကြေးစာရင်းဖျောက်ပေးဖို့တော့ တို့တာဝန်မယူဘူးနော်..."

ဒါရိုက်တာပေါ်နိုင်၏ စကားအဆုံးတွင် ရယ်သံများ ဆူညံသွားပြန်လေသည်။

စာရေးဆရာ ကိုသီတာသည် သူတို့ရယ်သလို ရယ်ချင်ပါသော်လည်း ရယ်၍ မရဘဲဖြစ်နေသည်။ အလွယ်တကူ ရယ်ရသော အလုပ်သည် ကိုသီတာ့အတွက် မလွယ်ကူမှန်း သိသောအခါ ကိုသီတာသည် ဘာကို အံ့ဩမှန်းမသိ ဖြစ်ရပြန်လေသည်။

"ဟော... မင်းသားလာပြီ... မင်းသားလာပြီ..."

တစ်ယောက်တစ်သံပြောလိုက်ခြင်းဖြစ်သော်လည်း အသံများစွာ

mgyoe.com

mgyoe.com


စုပေါင်းလိုက်သောအခါ ကြီးမားကျယ်လောင်သော အသံအဖြစ်သို့ ကူးပြောင်းသွားသည်။ ပိုမို၍အုံ့ဩစရာကောင်းသည်မှာ စူးရှကျယ်လောင်လွန်းသော မိန်းမရွယ်တို့၏ တပ်မက်ခြင်းဆန္ဒနှောသော အသံများပင်ဖြစ်လေသည်။

(၃)

"မင်းသားက နောက်ကျတာကိုး..."

"နောက်မကျပါဘူးဗျာ... ၁၁ နာရီမှာ ကန်တော့ပွဲပေးမှာ မဟုတ်လား၊ ဆယ်မိနစ်တောင် လိုသေးတာပဲဗျာ၊ ရေတောင်အချိန်နဲ့ လုသောက်နေရသေးတာ၊ လမ်းမှာ ဓာတ်ဆီနည်းနေလို့ ဓာတ်ဆီဝင်ထည့်ရသေးတယ်လေ"

ရုပ်ရှင်မင်းသား ဇော်အောင်သည် ပခုံးကို ပျားတုပ်ခံရဟန်ဖြင့် တစ်ချက်တွန့်လိုက်ပြီး အောင်ဩဘာ ရုပ်ရှင်မန်နေဂျာ ဦးဘသိုက်ကို လှမ်း၍ စကားပြန်ပေးလိုက်သည်။

"ရေလည်း အချိန်နဲ့ လုသောက်ရသေးတယ်၊ ဓာတ်ဆီလည်း ထည့်ရသေးတယ်ဆိုတော့...ဟုတ်မှလည်း လုပ်ပါ မင်းသားရယ်၊ တစ်တောင်ပြရင် တစ်ထွာမြင်ပါတယ်ဗျ၊ ကန်တော့ပွဲပြီးရင် ဝီစကီ ပုလင်းအခွံလောက်တော့ ဖန်တီးပေးနိုင်ပါတယ်"

"မင်းသားကို နာမည်မဖျက်ပါနဲ့ဗျာ... တော်တော်ကြာ ကန်တော့ပွဲကို ဖျက်သွားလို့ ပွဲပျက်နေပါဦးမယ်၊ ကဲ... လာလာမင်းသား၊ မင်းသမီးလည်း ရောက်နေပြီ၊ မင်းသားကိုပဲ စောင့်နေကြတာ"

ဒါရိုက်တာ ပေါ်နိုင်က စကားဝင်ထောက်လိုက်ပြီး အောင်ဩဘာရုပ်ရှင် မန်နေဂျာဦးဘသိုက်ဆီးကြိုလာသော ရုပ်ရှင်မင်းသား ဇော်အောင်၏ လက်တစ်ဖက်ကို လှမ်းကိုင်ဆွဲယူလိုက်ကာ ပရိသတ်

mgyoe.com

mgyoe.com


အတွင်းသို့ ခေါ်ဆောင်လာခဲ့သည်။

စောစောက ဆူညံနေကြသော ပရိသတ်များသည် မင်းသား ဇော်အောင် ဝင်လာသောအခါ ဗွန်းခတ်သံ၊ ခက်ရင်းလှုပ်သံများပင် မကြားရတော့ဘဲ ငြိမ်သက်တိတ်ဆိတ်သွားကြသည်။

မင်းသားသည် လူတိုင်းကို ပြုံး၍နှုတ်ဆက်နေသည်။ မင်းသား၏ မျက်နှာသည် သုံ့ပန်းစစ်အကျဉ်းစခန်းရှိ မီးဆလိုက်မောင်းကြီးကဲ့သို့ ဝဲယာဘယ်ညာ အနှံ့အပြား ညက်ညောညင်သာစွာ လှည့်လည်လျက်ရှိ သည်။

စာရေးဆရာ ကိုသီတာကား ဆေးပေါ့လိပ်တိုကို ဖွာမြဲတိုင်းဖွာ လျက်ရှိပြီး မင်းသားတစ်ယောက်၏ သံပတ်ပေးထားသော စက်ရုပ်ကဲ့ သို့ ကျွမ်းကျင်လိမ္မာစွာ ပေါင်းသင်းဆက်ဆံတတ်သော ဓလေ့သဘာဝ ကို အကဲခတ်နေမိသည်။ အချိန်ကြာမြင့်စွာ ပါးကြောညောင်းအောင် ပြုံးရသော အလုပ်သည်လည်း မလွယ်ကူသော ပညာရပ်တစ်ခုပါ ကလားဟု သဘောပေါက် နားလည်မိခဲ့ပြန်သည်။

ကန်တော့ပွဲရှေ့သို့ ရောက်သောအခါ ရုပ်ရှင်မင်းသားဇော်အောင် သည် မင်းသမီးသင်းသင်းလှိုင်၏ သွယ်အိညွတ်ပျောင်းသော လက် မောင်းအိုးကလေးကို ညင်ညင်သာသာပင် ဆုပ်ကိုင် လှမ်းယူလိုက် သည်။

"အသားယူချင်တဲ့ ဝါသနာမပျောက်သေးဘူးလား၊ အသားတော့ မရဘူးနော်... အရိုးပဲရမယ်၊ ညက အရှိန်မပြေသေးဘူးထင်တယ်"

"အရှိန်မပြေသေးဘူးလေ... ဒါတော့... ကိုယ့်ယောကျ်ား အကြောင်း ကိုယ်သိမှာပေါ့၊ အိမ်ကအကြောင်းတွေ ကန်တော့ပွဲမှာ လာပြောတော့ တစ်ရက်က နှစ်ရက်ဖြစ်ကုန်မှာပေါ့"

မင်းသမီး သင်းသင်းလှိုင်၏ ပါးပြင်ကလေးသည် နှင်းဆီရောင်

mgyoe.com

mgyoe.com


ရှက်သွေးဖြန်းသွားရမည့်အစား ပါးချိုင့်ကလေးပင် ပေါ်သွားအောင် ပြုံးလိုက်ပြီး မင်းသားဇော်အောင်၏ပခုံးကို ပရိသတ်ရှေ့တွင် မနာမကျင်ထုလိုက်သေးသည်။

"အောင်မယ်... ညက အရှိန်မပြေသေးဘူးထင်တယ်လို့ ပြောတာက မြင်းဖြူစီးတဲ့ ဝိုင်းကိုပြောတာ၊ ဘာလဲ... ဒါ ကားရိုက်နေတယ် များ မှတ်သလား၊ အိမ်က ကြက်မကြီးကွယ်ရာမှာ အတင့်တော့ မရဲနဲ့နော်၊ အိမ်ကို တစ်ခါတည်း ဖုန်းဆက်လိုက်မယ်သိလား"

ဝါးတောကို တောမီးလောင်သလို ရယ်သံများ ဆက်တိုက် ဆူညံသွားလေသည်။ ထိုရယ်သံထဲတွင် မပါဝင်မိဘဲ ငေးကြောင်ကြောင် ကြည့်ရှုနေမိသူမှာ စာရေးဆရာ ကိုသီတာပင် ဖြစ်လေသည်။

သွေးမတော် သားမစပ်ပါဘဲလျက် အသားချင်းထိ၊ မျက်နှာချင်းဆိုင်၊ လက်ကိုင်ခြေဆွဲပြုမူရဲကြသော ဤအတတ်ပညာမျိုးသည်လည်း သည်လောကသည်ဝန်းကျင်တွင် သည်ပညာရှင်များမှသာ တတ်မြောက်သော ပညာဖြစ်သည်ဟု ကိုသီတာ သဘောပေါက်မိပြန်လေသည်။

ကန်တော့ပွဲ ပေးကြသောအခါ မင်းသား၊ မင်းသမီး၊ ဒါရိုက်တာ၊ ကုမ္ပဏီပိုင်ရှင်တို့အားလုံး ထိုင်၍ စုစုဝန်းဝန်း ကန်တော့ပွဲများကို ကန်တော့ကြပြီး ဖယောင်းတိုင် တစ်ထောင်အားရှိသော မီးရောင်များ အောက်တွင် ထောင့်အမျိုးမျိုးမှ ဓာတ်ပုံရိုက်၍ယူကြသည်။ ဓာတ်ပုံဆရာ သုံး–လေးယောက်ကလည်း ကင်မရာမျိုးစုံဖြင့် ငွေခေါင်ခေါင်လျှပ်စီးလက်သလို တဖျပ်ဖျပ်နှင့် ဓာတ်ပုံရိုက်ကြသည်။

ကန်တော့ပွဲ အခမ်းအနားတွင်လည်း ဤရုပ်ရှင်ဇာတ်ကား၏ ပင်မကျောရိုး ဇာတ်လမ်းကို ရေးသားသော စာရေးဆရာ ကိုသီတာ ပါဝင်ခွင့်မရခဲ့။ ထောင့်တစ်ထောင့်တွင် ချောင်ကုပ်၍ ဆေးလိပ်မီးခိုး

mgyoe.com

mgyoe.com


များကိုသာ တလွင့်လွင့်ဖွာထုတ်နေခဲ့ရရှာသည်။

ကန်တော့ပွဲအခမ်းအနား ဓာတ်ပုံရိုက်ရာတွင်လည်း ကိုသီတာသည် ပါဝင်ခွင့်မရရှာခဲ့ဘဲ ပရိသတ်နှင့်အတူ ငေးမောကြည့်ရှုနေသူသာ ဖြစ်ခဲ့ရသည်။

ကိုသီတာသည် ရင်မခုန်နိုင်တော့ပေ။ သူ့နှလုံးသားတို့သည် ရေခဲပြင်ကဲ့သို့ အေးစက်တောင့်တင်းကုန်ပြီလားဟု ထင်ရလေသည်။ အနုပညာဆိုသည်မှာ သူ့နေရာနှင့်သူသာ ဝင်ဆံ့ရမည်ဖြစ်သော်လည်း သူ့အတွက်ရရှိသောနေရာမှာ ပွဲအပ ဝိုင်းအပြင်မှသာ ဖြစ်လေသည်။

"ဟော့... ကိုသီတာပါလား။ ဘယ်တုန်းက ရောက်နေတုံး"

တစ်စုံတစ်ဦးက ကိုသီတာ၏လက်တစ်ဖက်ကို ဆွဲကိုင် လှုပ်ယမ်းလိုက်တော့မှ ကိုသီတာ၏ စိတ်အာရုံအစုအဝေးတို့သည် ပြန်လည်စုစည်းစပြုလာသည်။

သူ့ကို လာရောက်နှုတ်ဆက်သူမှာ စစ်ကြိုခေတ်က အလွန်နာမည်ကြီးခဲ့သော စတန့်ရုပ်ရှင်မင်းသားကြီး ဦးမိုးကျော်ပင်ဖြစ်လေသည်။

"ကျွန်တော် စောစောကပဲရောက်တယ် ဦးမိုးကျော်"

"အေးဗျာ... ကျုပ်လည်း စောစောလာဖို့ပဲ၊ ကားစရိတ်မရှိတာနဲ့ တဖြည်းဖြည်း လမ်းလျှောက်ရင်းပဲ လာခဲ့ရတယ်"

ဖြူဖွေးရင့်ရော်နေသော ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးများက ဦးမိုးကျော်၏ ကျဆင်းလာပြီဖြစ်သော ဇရာသက်တမ်းကို ညွှန်ပြလျက်ရှိသည်။ အာဟာရဓာတ်ချို့ယွင်းသောကြောင့် အင်အားဆုတ်ယုတ်နေသော ဦးမိုးကျော်၏စကားပြောသံတို့မှာ သိသိသာသာကြီးပင် တုန်ယင်လျက်ရှိလေသည်။ တစ်ချိန်တုန်းကဆိုလျှင် ဦးမိုးကျော်သည်လည်း ပရိသတ်တို့ မြှောက်စားခြင်းခံရသော ရုပ်ရှင်ပညာသည်များအနက်

mgyoe.com

mgyoe.com


ထိပ်တန်းမှ ပါဝင်ခဲ့သော နာမည်ကျော် အနုပညာသည်ကြီးတစ်ဦး ဖြစ်လေသည်။ ယခုမူကား ဦးမိုးကျော်သည် ကိုသီတာနှင့်အတူ ပရိသတ်တို့ကြားတွင် မထင်မရှား နစ်မြုပ်ခဲ့ရသော အညတရတစ်ဦး ဖြစ်လေပြီ။

"ဦးလေးမိုးကျော် တစ်ခုခုစားဦးလေ..."

"လိမ္မော်ရည်တစ်ပုလင်းတော့ သောက်ပြီးပါပြီ... စားလို့ သောက်လို့လည်း တယ်မကောင်းပါဘူး၊ ဒါရိုက်တာ ကိုပေါ်နိုင်တစ်ယောက်ကို မတွေ့ဘူးလား၊ သူနဲ့ စကားပြောစရာ ကိစ္စလေးနည်းနည်းရှိလို့"

ဦးမိုးကျော်သည် ဓာတ်ပုံများ တဖျပ်ဖျပ်ရိုက်နေရာတွင် ဝိုင်းအုံ တိုးကြည့်လျက်ရှိသော ပရိသတ်များထံသို့ မျက်လုံးဝေ့ကြည့်လိုက်ပြီး ကိုသီတာကို မေးလိုက်သည်။

"ကန်တော့ပွဲပေးပြီး ဓာတ်ပုံရိုက်နေကြတယ် ဦးလေးမိုးကျော်... လူစဲသွားရင် သူဒီဘက်ကို လာဦးမှာပါ"

တွန့်လိမ်နေသော မုတ်ဆိတ်မွေး ကျိုးတိုးကျဲတဲများကို လက်တစ်ဖက်ဖြင့် ပွတ်သပ်လိုက်ပြီး ဦးမိုးကျော်သည် စကားဆက်မပြောတော့ဘဲ ငူငူကြီးထိုင်၍ငိုင်နေလေသည်။

ကိုသီတာသည် အိုမင်းရင့်ရော်လျက်ရှိသော ရုပ်ရှင်မင်းသား ဟောင်းကြီး ဦးမိုးကျော်၏ မျက်နှာကို ငေးစိုက်ကြည့်ရင်းမှ ယခင် စစ်ကြိုခေတ် ရုပ်ရှင်ကားများကို ပြန်လည်၍ မြင်ယောင်မြင်ရေးရှိလာမိသည်။

ဓားကို ပါးစပ်ဖြင့်ကိုက်၍ ရွက်တိုင်ထိပ်ဖျားမှ ဒိုင်ဗင်ထိုးချခဲ့သော ရုပ်ရှင်မင်းသား မိုးကျော်၊ ရှမ်းဘောင်းဘီကိုဝတ်ကာ ကြွက်သား အပြိုင်းပြိုင်းထသော ကိုယ်ကာယဖြင့် နှစ်လုံးပြူးသေနတ်ကို စလွယ်သိုင်းလျက် မြင်းညိုကြီးကို ကြွားကြွားစီးခဲ့သော စတန့်မင်းသားကြီး မိုးကျော်၊

mgyoe.com

mgyoe.com


မော်တော်ဆိုင်ကယ်ကို လက်လွှတ်စီး၍ လူဆိုးများ ကားပေါ်သို့ တစ်ရှိန် ထိုးခုန်အုပ်ကာ တွေ့မရှောင် ကြုံတိုင်းနွှဲခဲ့သော ထိုးလုံးသတ်လုံး အလွန် ရဲတင်းသည့် ဇာတ်ကြမ်းရုပ်ရှင် ဇာတ်လိုက်မင်းသား မိုးကျော်၊ ဖြောင့်စင်း သောနှာတံ၊ စူးရှတောက်ပြောင်သောမျက်လုံး၊ ပါးလျားလှပသော နှုတ်ခမ်းအစုံဖြင့် နှင်းဆီပန်းပွင့်လို နမ်းတော့မယောင်ပြုတိုင်း၊ တစ်ခေတ် က ပျိုမေတို့အသည်းကို ဆွဲကိုင်လှုပ်ယမ်းနိုင်ခဲ့သော အချောအခန့် မင်းသားကြီး မိုးကျော်၊ ယခုအချိန်တွင်မူ ဦးမိုးကျော်သည် ယခင်စစ်ကြို ခေတ် ရုပ်ရှင်မင်းသားမိုးကျော်နှင့် လုံးဝမတူတော့ဘဲ ကွဲပြားခြားနားခဲ့လေ ပြီ။

စာရေးဆရာ ကိုသီတာသည် ရုပ်ရှင်မင်းသားကြီး ဦးမိုးကျော်၏ ကျဆင်းလာသော ဘဝဖြစ်စဉ်ကို လေ့လာဆင်ခြင်ရင်း ဦးမိုးကျော် ကိုယ်စား ရင်ထဲတွင် နာကြည်းလာခဲ့မိသည်။

စိမ်းလန်းဝေဆာစိုပြည်ခဲ့သော ပန်းဥယျာဉ်တစ်ခုသည် ချုံနွယ်ပိတ် ပေါင်းများ နွယ်တက်၍ နှစ်ပေါင်းများစွာ ကြာသောအခါ သစ်ချုံတော ရိုင်းကြီး ဖြစ်လာသကဲ့သို့ ဦးမိုးကျော်၏ နုပျိုစဉ်ကာလနှင့် ဇရာယိုယွင်း အိုမင်းမစွမ်းချိန်တို့ကို နှိုင်းယှဉ်သုံးသပ်မိပြန်သည်။

"အခုတလော ဦးမိုးကျော် ဘာကားတွေ ရိုက်နေရသလဲ"

"သိပ်ပြီးရိုက်ရတယ်လို့ မရှိပါဘူး၊ နွားအို နွားမင်းဆိုတော့လည်း ကိုယ့်မြက်ကိုယ်ရှာစားရတာပေါ့ကွယ်၊ တစ်ခန်းစ နှစ်ခန်းစတော့ ကြုံတဲ့ အခါ ရိုက်ရပါတယ်။ ထမင်းစားဖို့ အနိုင်နိုင်ကြိုးစားနေရတယ် ဆိုပါ တော့"

ကိုသီတာသည် ဆက်လက်၍ မမေးရက်တော့ဘဲ စကားစကို ဖြတ်ပစ်လိုက်ရသည်။

အာမခံချက်မရှိသော အသက်အရွယ် အိုမင်းလာသည့် အနုပညာ

mgyoe.com

mgyoe.com


သည်တို့အတွက် အနာဂတ်ကာလ၏ အကျိုးခံစားခွင့်သည် အဘယ်မှာနည်း။ ထိုမေးခွန်းကို အဖြေရှာမိသောအခါ ကိုသီတာ၏ဦးနှောက်တို့သည် ချာချာလည်၍ သွားရလေသည်။ စင်စစ်တွင်ကား ထိုအဖြေသည် ဝေးဝေးလံလံ ရှာနေစရာမလိုဘဲ သူနှင့်တွေ့ဆုံနေရသော ရုပ်ရှင်မင်းသားဟောင်းကြီး ဦးမိုးကျော်၏ဘဝတွင်ပင် အဖြေရှိပြီးသား ဖြစ်နေလေသည်။

"မင်းသားက ဒီဘက်နည်းနည်းတိုး... ဟုတ်ပြီ... ဟုတ်ပြီ... မင်းသမီးလက်ကို နည်းနည်းကိုင်... မေးကလေး နည်းနည်းမော့လိုက်၊ နှစ်ယောက်စလုံး ပြုံင်တူပြုံးနော်... ရိုက်မယ်... ရိုက်တော့မယ်..."

မင်းသားနှင့်မင်းသမီး တွဲ၍ဓာတ်ပုံရိုက်နေသော နေရာမှ ဒါရိုက်တာ ပေါ်နိုင်၏ အသံများကို တစ်ချက်တစ်ချက် လှမ်း၍ကြားနေကြရသည်။

"စတေ(လ်) တောင် ရိုက်နေကြမှပဲ၊ ဒီဓာတ်ပုံတွေက အရေးကြီးတယ်၊ ငွေစက္ကူတွေ မောင်ရေ့... ငွေစက္ကူတွေ"

"ကျွန်တော် နားမရှင်းလို့ ပြန်ပြောစမ်းပါဦး ဦးမိုးကျော်"

"ကိုသီတာကလည်း ပါးမလိုလိုနဲ့ အတော်ထူသေးတာပဲ၊ ဒီမင်းသား မင်းသမီး စုံတွဲပုံတွေ နယ်ပို့လိုက်တော့ စရန်ရတယ်လေ၊ ဓာတ်ကားကြော်ငြာတော့လည်း ဒီပုံတွေနဲ့ပဲ ကြော်ငြာနေရတာပဲ၊ အဲဒါကြောင့် ငွေစက္ကူတွေလို့ ပြောတာပေါ့"

ကိုသီတာသည် ယခုမှပင် သဘောပေါက်သွားလေသည်။ အနုပညာနှင့် ငွေသည် မည်သည့်အရာက အဓိကနည်း။ ထိုအဖြေကိုလည်း ကိုသီတာ ထပ်မံ၍ တွေ့ရှိသွားပြန်သည်။

ငွေပင်ငွေရင်း စိုက်ထုတ်ရသော စီးပွားရေးလုပ်ငန်းသည် ထောင်ချောက်ကြီးတစ်ခု ဖြစ်နေပြီး အနုပညာသည်တို့မှာမူ သားကောင်ဖြစ်နေ

mgyoe.com

mgyoe.com


ရ၏။ သားကောင်ဖြစ်ရသည့်အထဲတွင် မထင်ရှားသောနေရာမှ ပါဝင်ရသော သူ့ဘဝသည် စင်စစ်အားဖြင့် ရင်နာစရာပင် မကောင်းတော့ပေ။ သူ့ အနုပညာအတွက် နာမည်တစ်လုံးရရေးသည် ငွေကြေးအတိုင်းအတာနှင့် လဲမယူနိုင်သော ယုံကြည်ချက်တစ်ရပ်ဖြစ်သည်ဟု သဘောပေါက်မိသောအခါ ကိုသီတာသည် မြင်ကွင်းအားလုံးကို ငေးမောကြည့်ရှုရင်း တစ်ယောက်တည်း ကျိတ်၍ပြုံးလိုက်မိလေသည်။

မင်းသားနှင့် မင်းသမီးကို ပုံအမျိုးမျိုး တွဲ၍ရိုက်ကြသည်။ ဘေးစောင်းပုံက တစ်မျိုး၊ ဖက်လျက်ပုံက တစ်မျိုး၊ စောင်းလျက် အိပ်လျက် ထိုင်လျက်ပုံက တစ်မျိုး၊ တစ်နာရီနီးနီးခန့် အချိန်ကြာအောင် ဓာတ်ပုံရိုက်ပြီးသောအခါတွင်မှ လူစုကွဲသွားကြသည်။ ဓာတ်ပုံရိုက်နေသော မီးလုံးများကို ပိတ်လိုက်သောအခါ ကိုသီတာ့ မျက်လုံးများထဲတွင် ဘာကိုမျှ မမြင်ရတော့ဘဲ တစ်လောကလုံး မှောင်သွားသည်ဟု ထင်လိုက်ရသည်။

"ဟော့... ကိုသီတာ... ခင်ဗျား ပျင်းနေပြီလား၊ မြင်တဲ့အတိုင်းပဲဗျာ... ခင်ဗျားကို ဧည့်တောင်မခံနိုင်ဘူး၊ ဦးမိုးကျော်ကော ဘယ်တုန်းက ရောက်နေလဲ"

နဖူးမှ ချွေးသီးချွေးပေါက်များကို လက်ကိုင်ပဝါဖြင့် တို့သုတ်ရင်း ဒါရိုက်တာပေါ်နိုင်သည် ကိုသီတာ့ကို လှမ်းပြောရင်းမှ ဦးမိုးကျော်ကိုပါ လှမ်း၍နှုတ်ဆက်လိုက်သည်။

ကိုသီတာသည် စကားပြန်မပြောမိဘဲ နေရာမှ ထရပ်လိုက်သည်။

"ကျွန်တော်ပြန်တော့မယ် ကိုပေါ်နိုင်... နောက်မှတွေ့ကြသေးတာပေါ့"

"အေးဗျာ... ခင်ဗျားအိမ်ကို ကျွန်တော်လာခဲ့ပါဦးမယ်၊ ဟိုကိစ္စကိုလည်း တစ်နေ့ သတ်သတ်ဆွေးနွေးတာပေါ့၊ ခင်ဗျား ကျေနပ်ရပါစေ့မယ်ဗျာ၊ ဩော်... ခရီးစရိတ်ကော ပါရဲ့လား ကိုသီတာ"

mgyoe.com

mgyoe.com


ဒါရိုက်တာပေါ်နိုင်၏ အမေးကြောင့် ကိုသီတာ၏ရင်ထဲတွင် တင်းကျပ်လေးလံသွားရလေသည်။

"ပါပါတယ်ဗျာ... ခင်ဗျားကားနဲ့ လာခေါ်မယ်ဆိုတာသာ ကျွန်တော်စောင့်နေရင် ကျွန်တော် ဒီနေ့ကန်တော့ပွဲကိုတောင် ရောက်လာနိုင်မှာမဟုတ်ဘူး။ ဒီတော့... အလာတုန်းကအတိုင်းပဲ အပြန်ကျတော့လည်း တစ်ယောက်တည်းပဲ ယွန်းရမှာပေါ့ဗျာ"

ဒါရိုက်တာပေါ်နိုင်သည် မသိမသာ မျက်နှာပျက်သွားသော်လည်း လျော့ရဲရဲအပြုံးဖြင့် ဖုံးကွယ်လိုက်သည်။

"ဦးလေးနဲ့ အတူတူပြန်ကြတာပေါ့... လမ်းထိပ်ကသာ စောင့်နေလေ။ ဆရာပေါ်နိုင်နဲ့ နည်းနည်းစကားပြောပြီးရင် အခုချက်ချင်း လိုက်လာခဲ့မယ်"

ကိုသီတာသည် အောင်ဩဘာ ရုပ်ရှင်ကုမ္ပဏီနှင့် ဒါရိုက်တာပေါ်နိုင်တို့ကို ကျောခိုင်းခဲ့ပြီး ဘားလမ်းထိပ်ဘက်သို့ ထွက်လာခဲ့မိသည်။ သူ့ရင်ထဲတွင် ပေါ့ပါးသွက်လက်လာပြီး အဓိပ္ပာယ်မရှိဘဲ ဖမ်းဆီးချုပ်နှောင်ခြင်းခံရရာမှ လွတ်မြောက်လာသော အကျဉ်းသားကဲ့သို့ စိတ်လွတ်ကိုယ်လွတ် ဖြစ်လာမိသည်။

သူ့ရင်ထဲတွင် မကျေနပ်ခြင်း၊ ရွံရှာခြင်း၊ အံ့သြခြင်းတို့ထက် အားပါးတရ ဟာစ်အော်ရယ်ချင်စိတ်တို့သာ လွှမ်းမိုးလျက်ရှိသည်။ တစ်သက်နှင့်တစ်ကိုယ် ဤတစ်ကြိမ် ရယ်ချင်သည်မှာ မည်သည့်အခါကနှင့်မျှ မတူဘဲ ရင်ထဲတွင် လှိုင်းထနေသဖြင့် ခြေလှမ်းကိုပင် သတိထား၍ လှမ်းနေရသည်။

"ဟေ့ ကိုသီတာ... နေပါဦးဗျ၊ ကျုပ်ကိုလည်း စောင့်ပါဦး"

သူ့နောက်မှ ခြေလှမ်းကြဲဖြင့် လိုက်လာသော ဦးမိုးကျော်သည် ကိုသီတာ့ကို မီ၍လာသည်။

mgyoe.com

mgyoe.com


"ဦးလေးမိုးကျော်က ဘယ်သွားမှာတုံး"

"ဘယ်သွားရမလဲ ဌာနချုပ်ကိုလေ... ဟဲ.. ဟဲ... ဟဲ... မြစ္စာညို ကိုပေါ့ ကိုရင်လေးရဲ့"

ရယ်သံနှော၍သာ ပြောနေသော်လည်း ဦးမိုးကျော်၏မျက်နှာမှာ ဒေါသရောင်သမ်းလျက်ရှိသည်။ အသံကလည်း မာကျောအက်ကွဲလျက် ရှိသည်။

"နေပါဦး... ဦးလေးမိုးကျော်မျက်နှာ ကြည့်ရတာ တစ်ခုခုဖြစ်လာ သလိုပဲ၊ ဘာများ မကျေမချမ်း ဖြစ်လာသလဲ"

ဦးမိုးကျော်သည် နှုတ်ခမ်းကို မဲ့ရွဲ့လိုက်ပြီး တံတွေးကို 'ဖွီ' ခနဲ အသံမြည်အောင် ထွေးလိုက်သည်။

"မကျေချမ်းတာတွေကိုသာ ပြောရရင်... တစ်လောကလုံးကိုပဲ ဆိုပါ တော့၊ စကားကြော ရှည်မနေစမ်းပါနဲ့ ကိုသီတာရာ... ကျုပ်နဲ့ မြစ္စာညို ကိုသာ လိုက်ခဲ့စမ်းပါ၊ ဟိုကျရင် အကြောင်းစုံပြောပြမယ်၊ ဟေ့ သုံးဘီး၊ ဟေ့ သုံးဘီး၊ အားတယ်မဟုတ်လား"

သူတို့နှစ်ဦးသည် သုံးဘီးကားကလေးစီးကာ ဘားလမ်းမှ မြစ္စာညို ဘက်သို့ ထွက်ခွာလာကြသည်။ တစ်လမ်းလုံး တစ်ယောက်နှင့်တစ် ယောက် စကားမပြောမိကြသော်လည်း သူတို့နှစ်ဦးစလုံး၏ ရင်ထဲတွင် ပြောစရာစကားလုံးများ ရင်ဝယ်မဆံ့ ရှိနေကြလေသည်။

(၄)

ဦးမိုးကျော်သည် ဘီယာနှစ်လုံးကို ဖန်ခွက်နှစ်ခွက်ထဲသို့ တစ်လှည့် စီငှဲ့လိုက်ပြီး စကားတော်တော်နှင့် မပြောသေးဘဲ အတန်ကြာအောင် ငိုင်၍နေသည်။

မွန်းလွဲပိုင်း ၂ နာရီခန့်ဖြစ်သဖြင့် ဘီယာသောက်သူ ကျဲကျဲသာ

mgyoe.com

mgyoe.com


ရှိသည်။ ထင်းရှူးပုံးတစ်ပုံးပေါ်တွင် အန်ဖတ်ဆို့၍ ခွေလျက်သားအိပ်ပျော်နေသော အမူးသမားတစ်ယောက်သည် လက်ကားရား ခြေကားရားဖြင့် ကိုယ်တစ်ပိုင်း အောက်သို့တွဲလောင်းကျနေသည်။

"ဟိုမှာကြည့်စမ်း ကိုသီတာ အဲ့ဒါ... လောကနိဗ္ဗာန်ပဲ၊ ကျုပ်မှာငွေအစိတ်ပါလာတယ်၊ အဲဒီငွေကို ဒီကနေ့ အကုန်လုံးသောက်ပစ်မယ်"

တစ်ဆယ်တန်တစ်ရွက်နှင့် တစ်ကျပ်တန်များကို ထင်းရှူးသေတ္တာပုံးပေါ်သို့ ပစ်ချလိုက်ပြီး ဦးမိုးကျော်သည် ငိုသံပါကြီးနှင့် ပြောနေသဖြင့် ကိုသီတာတစ်ယောက်မှာ ဦးမိုးကျော် စိတ်အပြောင်းအလဲ မြန်ဆန်ပုံကို မဝေခွဲတတ်နိုင်အောင် ဖြစ်သွားရလေသည်။

"ဦးလေးမိုးကျော်က ဘာဖြစ်တာတုံးဗျ၊ သောက်ရင်လည်း အေးအေးဆေးဆေး သောက်စမ်းပါဗျာ၊ ဒီဘီယာနှစ်လုံးဖိုးလည်း ကျွန်တော်ပေးပါ့မယ်၊ ဦးလေးမိုးကျော့်ငွေနဲ့ တိုက်တဲ့ဘီယာကို ကျွန်တော် မသောက်ရက်ပါဘူး"

"ဒါ ကျုပ်ငွေမဟုတ်ဘူးဗျ... ဒါရိုက်တာပေါ်နိုင် ဆိုတဲ့အကောင်ပေးလိုက်တဲ့ငွေလေ၊ အမှန်က ကျုပ် ဒီငွေကို မီးရှို့ပစ်ဖို့ပဲကောင်းတယ်၊ မထူးပါဘူးလေ... မီးမရှို့ဘဲ အရည်ဖျော့ပစ်တော့လည်း အတူတူပါပဲ"

ဦးမိုးကျော်သည် ပြောရင်းဆိုရင်းဖြင့် ငှဲ့ထားသော ဘီယာဖန်ခွက်ကို မနားတမ်း တစ်မော့တည်းဖြင့် ကုန်အောင်သောက်ပစ်လိုက်လေသည်။

"နေစမ်းပါဦး ဦးလေးမိုးကျော်ရဲ့၊ ဘာတွေဒီလောက်တောင် ဒေါကန်နေရတာလဲ"

"ဒေါကန်တာမဟုတ်ဘူးဟေ့... ဒေါသူပုန်ထနေတာ၊ ပေါ်နိုင်ဆိုတဲ့ အကောင်က အနုပညာကို ငွေနဲ့စော်ကားလို့ ရမယ်လို့ထင်နေတယ်၊ အဲဒါ မလွယ်တဲ့ကိစ္စပဲ၊ ရှင်းရှင်းပြောမယ်... ဒီကနေ့ ကန်တော့ပွဲပေးတဲ့

mgyoe.com

mgyoe.com


ဇာတ်ကားမှာ ကျုပ်က ဘယ်အခန်းက ပါရမယ်မှတ်သလဲ"

သူ့မေးခွန်းကိုသူ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားပြီး ဘီယာကို ဖန်ခွက်ထဲသို့ ငှဲ့မထည့်နိုင်တော့ဘဲ ဦးမိုးကျော်သည် ပုလင်းလိုက်မော့၍ သောက်နေပြန်လေသည်။

"မင်းသမီးရဲ့ အဖေခန်းက ပါရမှာဗျ၊ အဲဒါကြောင့် ကန်တော့ပွဲ ပေးတဲ့နေ့မှာ ဒါရိုက်တာပေါ်နိုင်က ကျုပ်ကို စရန်ငွေအစိတ် ပေးလိုက်တယ်လေ။ တစ်လောကလုံး ကြားလို့ကောင်းသေးရဲ့လား၊ ပြီးတော့ ပြောလိုက်သေးတယ်၊ ကျုပ်ဟာ နာမည်ကျနေပြီတဲ့၊ အလုပ်ဖြစ်အောင် တမင်သက်သက် ခေါ်သုံးတာတဲ့ဗျား..."

ဦးမိုးကျော်၏စကားကို နားထောင်ရင်းမှ ကိုသီတာသည် မယုံရ ခက် ယုံရအခက်ပင် ဖြစ်နေလေသည်။ သူ့ဇာတ်လမ်းထဲတွင် ပါဝင်သော မင်းသမီးအဖေ လုပ်သူမှာ ဇာတ်လမ်းတစ်ခုလုံး၏ အချက်အချာနေရာတွင် ပါဝင်ပြီး အလွန်အရေးပါ အရာရောက်သော ဇာတ်ဆောင်တစ်ဦးဖြစ်သည်ကို သူသာလျှင် အသိဆုံးဖြစ်သောကြောင့် ဦးမိုးကျော်ကိုယ်စား ရင်ထုမနာလည်း ဖြစ်မိလေသည်။

"ဟာ... ဦးလေးမိုးကျော်ကလည်းဗျာ၊ ဖြစ်မှဖြစ်ရလေတယ်။ မင်းသမီးအဖေခန်းက ပါရမယ်ဆိုရင် ဦးလေးမိုးကျော်ဟာ မိန်းပဲ...၊ ဇာတ်လမ်းတစ်ခုလုံးမှာ အရေးအကြီးဆုံး ဇာတ်ပို့မိန်းနေရာက ပါရတာပဲ"

"ခင်ဗျားက ကျုပ် မိန်းလို့ ဘယ်လိုလုပ်သိသလဲ၊ ဒါရိုက်တာ ပေါ်နိုင်က ပြောလို့လား"

"ဒီကိစ္စကို ကျွန်တော် တခြားလူတော့ မပြောပါဘူး၊ ဦးလေး မိုးကျော်ကိုတော့ ပြောမှဖြစ်မယ်။ ဒီကနေ့ ကန်တော့ပွဲပေးတဲ့ ရုပ်ရှင် ဇာတ်ကားရဲ့ မူရင်းဇာတ်လမ်းဟာ ကျွန်တော်ရေးတဲ့ဇာတ်လမ်းပဲ ဦးလေး

mgyoe.com

mgyoe.com


မိုးကျော်ရဲ့"

မျက်ခုံးကြီးနှစ်ဖက် မြင့်တက်လာပြီး ဦးမိုးကျော်သည် ဘီယာဖန်ခွက်ကို ထင်းရှူးပုံးပေါ်သို့ ဒေါက်ခနဲ အသံမြည်အောင် ပစ်ချလိုက်၏။

"မြတ်စွာဘုရား ကယ်တော်မူပါ၊ လက်စသတ်တော့ ဒီလိုကိုး၊ ဒါဖြင့် ခင်ဗျားလည်း မိန်း... ကျုပ်လည်း မိန်းပေါ့ဗျ။ ခင်ဗျားက ရုပ်ရှင်ဇာတ်လမ်းကြီးတစ်ခုလုံးကို ရေးတဲ့လူဆိုတော့ ကျုပ်ထက်တောင်ပိုပြီး မိန်းကျသေးတယ်"

ဦးမိုးကျော်သည် မျက်လုံးကြီးများ အဝိုင်းသားဖြင့် ကိုသီတာကို ငေးကြည့်ရင်း တအံ့တသြ ဖြစ်နေလေသည်။

"နေစမ်းပါဦး ဒီဝတ္ထုကို ဇာတ်လမ်းတင်တော့ ခင်ဗျားနာမည်နဲ့ မတင်ခဲ့ဘူးလား"

"ဒီလို ဦးလေးဦးမိုးကျော်ရဲ့... ကျွန်တော့်နာမည်နဲ့ တင်လို့ရှိရင် ရုပ်ရှင်လောကမှာ နာမည်မထွက်သေးတော့ ဇာတ်လမ်းက ကျမှာမဟုတ်ဘူးတဲ့၊ သူ့နာမည်နဲ့တင်မှ ဇာတ်လမ်း မြန်မြန်ကျမယ်ဆိုပြီး ဒါရိုက်တာကိုပေါ်နိုင်ရဲ့နာမည်နဲ့ပဲ တင်ခဲ့ရတယ်လေ"

ဦးမိုးကျော်သည် ဘာမပြောညာမပြောဖြင့် ဘီယာပုလင်းများ တင်ထားသော ထင်းရှူးသေတ္တာပုံးပေါ်သို့ လက်ဝါးကြီးတစ်ဖက်ဖြင့် ရိုက်ချလိုက်သည်။

"ဒါသက်သက် ပေါ်နိုင် လူလည်လုပ်တာပဲ၊ နေစမ်းပါဦး... ခင်ဗျားနာမည်က ဖိတ်စာထဲမှာ ထည့်မရိုက်ဘူးလား၊ ကျုပ်တော့ မတွေ့မိပါဘူး"

"သြော်... ဦးလေးမိုးကျော်ကလည်း ဆင်နင်းခံရပါတယ်ဆိုမှ ခေါင်းပြားသွားသလား မေးနေရသေးသလားဗျာ။ ဇာတ်လမ်းတင်တုန်းကတည်းက ကျွန်တော့်နာမည်မပါတော့ ဖိတ်စာထဲမှာလည်း ကျွန်တော့်

mgyoe.com

mgyoe.com


နာမည် ဘယ်ပါတော့မလဲ"

ဦးမိုးကျော်သည် တစ်စုံတစ်ခုသော အကြောင်းအရာကို သဘော ကျသွားသည့်အလား ဟန်မဆောင်နိုင်တော့ဘဲ ဟက်ဟက်ပက်ပက် ရယ်မောနေပြန်လေသည်။

"ကောင်းတယ်ကွာ... ကြားရတာ နားဝင်ကိုဆိမ့်နေတာပဲ၊ နေပါ ဦး၊ အဲဒီဇာတ်လမ်းအတွက် ငွေကလေး ဘာကလေးကော ရရဲ့လား"

ကိုသီတာသည် အဖြေရခက်သွားလေသည်။ အဖြေရခက်သည် ထက် အဖြေရှက်သည်ဟုဆိုက ပို၍မှန်ကန်ပေမည်။

"တစ်ပြားမှ မရပါဘူး ဦးမိုးကျော်ရယ်၊ ကျွန်တော် ငွေတောင်းရ မှာလည်း အားနာနေတယ်၊ ဒီဇာတ်လမ်းနဲ့ ပတ်သက်ပြီး နာမည်တစ်လုံး တော့ ရကောင်းရဲ့လို့ ကျွန်တော် တွက်ထားတာပဲ။ ကျွန်တော့်အနုပညာ ကို ဒါရိုက်တာပေါ်နိုင် တန်ဖိုးထားလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပြီး ဆက်သွယ်ခဲ့မိတာပါ"

ဦးမိုးကျော်သည် ရယ်မောနေရာမှ မျက်နှာပိုးသတ်လိုက်ပြီး မေး ကြောကြီးများ ထောင်ထလာသည်။

"ဘာအနုပညာလဲဗျ၊ ကိုယ့်နာမည်နဲ့ ဇာတ်လမ်းကို ကိုယ်ရောင်း စားလို့မှ ငွေမရတဲ့အလုပ်ဟာ အနုပညာလား။ ဒီမှာ ကိုသီတာ... ကျုပ် ခံလာခဲ့ရတာ အံတိုနေပြီဗျ၊ မိုးကျော်တစ်ယောက် အရွယ်ကောင်းတုန်းက ဝိုင်းပြီးလက်ခုပ်တီးပေးတဲ့သူတွေ ဘယ်ရောက်ကုန်ပြီလဲ။ မိုးကျော့်အနား မှာ တစ်ယောက်မှမရှိတော့ဘူး။ ကျုပ်ကိုယ်ကျုပ် ပြန်ပြီးလက်ခုပ်တီးပေး နေရတဲ့ဘဝ ရောက်နေပြီ။ မိုးကျော်တစ်ယောက် အခုတော့ ချောင်မှာ ကုပ်နေရပြီ မဟုတ်လား။ မနက်က ကန်တော့ပွဲမှာ ကျုပ်ကိုလာပြီး နှုတ်ဆက်တဲ့လူ ခင်ဗျား ဘယ်နှယောက်တွေ့ခဲ့ရသလဲ၊ ပြောစမ်းပါဗျ၊ ပြောစမ်းပါ"

mgyoe.com

mgyoe.com


မျက်နှာပြင်ကြီးတစ်ခုလုံး နီရဲစပြုလာကာ ဦးမိုးကျော်၏ တုန်ယင်အက်ကွဲနေသော အသံတို့မှာ နာကြည်းကြေကွဲဖွယ် ကောင်းနေလေသည်။ ကိုသီတာသည် ဦးမိုးကျော်၏ ရင်နင့်ဖွယ်ကောင်းသော စကားလုံးများကို နားထောင်နေရင်းမှ အနုပညာသည်တို့၏ အတက်နှင့်အဆင်း၊ ကျော်ကြားခြင်းနှင့် ကျဆင်းခြင်းတို့ကို သံဝေဂ ရလာမိသည်။

"ဒီလိုလည်း မဟုတ်သေးပါဘူး ဦးလေးမိုးကျော်ရယ်...၊ ကျွန်တော့်ဇာတ်လမ်းမှာ ဦးလေးမိုးကျော်ဟာ အဓိကဇာတ်ဆောင် မိန်းတစ်ယောက်ပဲ"

"လာပြန်ပြီလားဗျ မိန်း...၊ တော်စမ်းပါဗျာ မိန်း... မိန်း... မိန်း... မိန်း... အလကား မိန်း... အိမ်က ကုမ္ပဏီကို ခြေကျင်လျှောက်ရတဲ့ မိန်း...၊ ကိုယ့်ဝတ္ထုကို သူများက ဇာတ်လမ်းလုပ်တဲ့ မိန်း၊ ထမင်းငတ်တဲ့ မိန်း၊ ကဲ... ခင်ဗျားအခု မိန်း အဓိပ္ပာယ်ကို သိသွားပြီမဟုတ်လား၊ ကျုပ်အတွက် မိန်းကတော့ ဟောဒီပုလင်းတွေပဲဗျို့"

သူတို့နှစ်ဦးသည် မိန်းငွေကာကို အနက်ဖွင့်ပြီး ပြိုင်တူရယ်မောလိုက်ကြသည်။ သူတို့နှစ်ဦး၏ ရယ်သံသည် မြခွာညိုအရက်ဆိုင်မှ ပုလင်းသံ၊ ဖန်ခွက်သံများကို ဖုံးလွှမ်းသွားသည်။ သဘာဝကျသော ရယ်သံမောသံသည် ပို၍ကျယ်လောင်ပျံ့လွင့်လေသည်။

ကန်တော့ပွဲ ပေးစဉ်အခါက ပရိသတ်တို့ ရယ်မောနေကြစဉ်တွင် ကိုသီတာသည် မရယ်မောတတ်ခဲ့သော်လည်း ယခုအချိန်တွင်မူ ရယ်မောတတ်သွားလေပြီ။

ရှုမဝမဂ္ဂဇင်း၊ မတ်၊ ၁၉၆၉။

❖

mgyoe.com

mgyoe.com

# ချစ်ခြင်းဟူသည့် သေခြင်းသစ္စာ

(၁)

ည၏အမှောင်ရိပ်ကို ကြယ်ရောင်လက်လက်တို့သည် အန်တုလျက်ရှိသည်။

မောရသီဂီမြို့ကြီးကား ခရီးရှည်မှ ပြန်လာခဲ့သော စစ်သူကြီးကဲ့သို့ အိပ်မောကျလျက်ရှိသည်။

နှင်းစက်နှင်းပေါက်တို့သည် မောရသီဂီမြို့ရိုးကို မမြင်ရအောင် တဖွဲဖွဲတလွင့်လွင့် သွန်ကျလျက်ရှိသည်။

တစ်ခုသော မြို့ရိုးအစပ်ရှိ စံကားဝါပင်ကြီးအောက်တွင် ချစ်သူနှစ်ဦးသည် လည်ချင်းသိုင်းဖက်လျက် လရောင်ကိုလည်းမမြင်၊ ကြယ်ရောင်ကိုလည်း မမြင်၊ ရင်ခုန်သံကိုယ်စီဖြင့် သည်ညကုန်ဆုံးတော့မည်ကို ကြိုတင်နှမြော ပူပန်စောလျက် ရှိကြသည်။

"မောင်တော်.... ဖျားနှမလေးကို ဒီတစ်ခါ မောင်တော်နဲ့အပါ ခေါ်တော်မူစေချင်တယ်၊ ဒီကနေ တစ်ရပ်တစ်ကျေး လွတ်ရာကိုပြေးပြီး နန်းရိပ်က ခွာချင်လှပြီ..."

mgyoe.com